**ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

# တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ

**(၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၃)**

**ရန်ကုန်မြို့၊ ၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**

**(၁၉၈၆ ခုနှစ်၊ မတ်လ ၁၃ ရက်)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေငြာသည်။

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်း** ဆိုသည်မှာ ဥပဒေက ခွင့်မပြုသော စီးပွားရေးလုပ် ငန်းမှ ဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်ပြီးရရှိသော ဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့်အညီ အခွန်များကို ပေးဆောင်ခြင်းမပြုဘဲ ထိမ်ချန်ထားသောဝင်ငွေ ဖြင့်ဖြစ်စေ ရရှိသည့်ပစ္စည်းကို ဆိုသည်၊

(ခ) **ပစ္စည်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းကိုဆိုသည်၊

(ဂ) **မရွှေ့ပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မြေ၊ မြေမှဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ ယင်းမြေ ပေါ် ရှိ သစ်ပင်၊ သီးနှံပင်များ၊ မြေ၌ဆောက်လုပ်ထားသော၊ သို့မဟုတ် တည်ရှိသော အဆောက်အအုံနှင့် အရာဝတ္ထုများ၊ ယင်းအဆောက်အအုံ၌ တပ်ဆင်ထားသော အရာဝတ္ထုများကို ဆိုသည်၊

(ဃ) **ရွှေ့ပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ပါ ပစ္စည်းများမှတပါး ကျွဲ၊ နွား တိရစ္ဆာန်အပါအဝင် အခြားပစ္စည်းအားလုံးကို ဆိုသည်၊

(င) **အဖွဲ့** ဆိုသည်မှာ ဝန်ကြီးအဖွဲ့က ဤဥပဒေအလို့ငှာ တာဝန်ပေးအပ်သော အဖွဲ့၊ သို့မဟုတ် ဖွဲ့စည်းပေး သောအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို စုံစမ်းစစ်ဆေး ရန်-

(က) ဝန်ကြီးအဖွဲ့သည် လိုအပ်သောအဖွဲ့ ဖွဲ့စည်းပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့က တာဝန်ပေးအပ်သောအဖွဲ့၊ သို့မဟုတ် ဖွဲ့စည်းပေးသောအဖွဲ့ကသာ ဆောင်ရွက်ခွင့်ရှိ သည်။

၄။ အဖွဲ့သည် ဝန်ကြီးအဖွဲ့၏ အမိန့်ရရှိမှသာ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင် ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို စတင်စုံစမ်းစစ်ဆေးရမည်။

၅။ စုံစမ်းစစ်ဆေးရာတွင် အဖွဲ့သည်-

(က) လိုအပ်သောအထောက်အထားများကို သက်ဆိုင်ရာမှ တောင်းယူစစ်ဆေးနိုင်သည်၊

(ခ) လိုအပ်သောသက်သေများကို စစ်ဆေးနိုင်သည်၊

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူက မိမိပိုင်ငွေဖြင့် အခြားသူတစ်ဦးဦး၏ အမည်ကိုအသုံးပြု၍ ပစ္စည်းတစ် ရပ်ရပ်ကို ရယူထားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ အမည်အသုံးပြုခြင်း ခံရသူ ကိုလည်း စစ်ဆေးနိုင်သည်၊

(ဃ) စုံစမ်းစစ်ဆေးခွင့်ရှိသည့် အဆောက်အအုံနေရာ၊ သို့မဟုတ် လုပ်ငန်းဥပစာကို ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်၊ ရှာဖွေခွင့်ရှိသည်။ တွေ့ရှိသော ပစ္စည်းများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၃)
## ဝန်ကြီးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးအဖွဲ့သည် အဖွဲ့၏စုံစမ်းတွေ့ရှိချက်ကို ရရှိသည့်အခါ ထပ်မံစုံစမ်းရန် လိုအပ်သည်ဟု ယူဆ လျှင် မူလစစ်ဆေးသော အဖွဲ့ဖြင့်ဖြစ်စေ၊ အသစ်ဖွဲ့စည်းပေးသော အဖွဲ့ဖြင့်ဖြစ်စေ စုံစမ်းစစ်ဆေးရန် ညွှန် ကြားနိုင်သည်။

၇။ ဝန်ကြီးအဖွဲ့သည်-

(က) စုံစမ်းစစ်ဆေးခြင်းခံရသူက ပစ္စည်းကို တရားဝင်ရရှိသောငွေဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် စုံ စမ်းစစ်ဆေးမှုကိုပိတ်သိမ်းရမည်၊

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူက ပစ္စည်းကို မိမိအမည်ဖြင့်ဖြစ်စေ၊ အခြားသူတစ်ဦးဦး၏အမည်ကို အသုံး ပြု၍ဖြစ်စေ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသောငွေဖြင့် ရယူထားကြောင်းတွေ့ရှိလျှင် ယင်းပစ္စည်း ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန် အမိန့်ချမှတ်ရမည်၊

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူက ပစ္စည်းတန်ဖိုး၏ တစိတ်တဒေသကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိ သောငွေဖြင့် ရယူထားပြီး ကျန်တန်ဖိုးကို တရားဝင်ရရှိသောဝင်ငွေဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ဝန်ကြီးအဖွဲ့သည်-

(က) အဖွဲ့က စုံစမ်းစစ်ဆေးနေသည့် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေသည့် ကာလအ တွင်း ယင်းပစ္စည်းကို စုံစမ်းစစ်ဆေးခြင်းခံရသူက ရောင်းချကြောင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်း ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန် အမိန့်ချမှတ်ရမည်၊

Myanmar Law Information System (MLIS)

(ခ) လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံထားသည့် ပစ္စည်းတစ်ရပ်ရပ်ကို စုံစမ်းစစ်ဆေးခြင်းခံရသူကဖျက်ဆီးကြောင်း၊ သို့မဟုတ် ပျက်စီးစေရန်ရည်ရွယ်၍ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန် အမိန့်ချမှတ်ရမည်၊

(ဂ) ပုဒ်မခွဲ (ခ)ပါ ပြန်လည်အပ်နှံထားသည့် ပစ္စည်းတစ်ရပ်ရပ်ကိုပျက်စီးစေလျှင် ယင်းပျက်စီးသော ပစ္စည်း၏တန်ဖိုးကိုသတ်မှတ်၍ စုံစမ်းစစ်ဆေးခြင်းခံရသူက ပေးလျော်စေရန် အမိန့်ချမှတ်ရမည်။

၉။ စုံစမ်းစစ်ဆေးနေသည့် ပစ္စည်းတစ်ရပ်ရပ်ကို တရားဝင်ရရှိသောငွေဖြင့် ရယူထားကြောင်းတွေ့ရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီသိမ်းဆည်းထားသောပစ္စည်းဖြစ်ပါက ထိုပစ္စည်းကို စုံစမ်းစစ်ဆေး ခြင်းခံရသူအား ပြန်လည်ပေးအပ်ရန် ဝန်ကြီးအဖွဲ့က အမိန့်ချမှတ်ရမည်။

၁၀။ ဝန်ကြီးအဖွဲ့သည် အမိန့်မချမှတ်မီ စုံစမ်းစစ်ဆေးခြင်းခံရသူအား ခုခံချေပခွင့်ပေးရမည်။

## အခန်း (၄)

## ပြန်လည်သုံးသပ်ခြင်း

၁၁။ ဝန်ကြီးအဖွဲ့သည် သတ်မှတ်ထားသည့်ကာလအတွင်း မိမိသဘောအလျောက်ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်းခံရသူကပြန်လည်သုံးသပ်ပေးရန်လျှောက်ထားလျှင်ဖြစ်စေ မိမိချမှတ်ခဲ့သောအမိန့်ကို ပြန်လည် သုံးသပ်နိုင်သည်။

၁၂။ ဝန်ကြီးအဖွဲ့သည် ပြန်လည်သုံးသပ်ရာတွင် အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) မူလချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊

(ခ) မူလချမှတ်သည့်အမိန့်ကို ပြင်ဆင်ခြင်း၊

(ဂ) သင့်လျော်သည့်အဖွဲ့ဖြင့်ပြန်လည်စစ်ဆေးစေခြင်း။

၁၃။ ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၅)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၁၄။ စုံစမ်းစစ်ဆေးခြင်းခံရသူသည်-

(က) မိမိပိုင်ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အဖွဲ့ကစုံစမ်းစစ်ဆေးနေသည့်ကာလအတွင်းယင်းပစ္စည်း ကို ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုရ၊

(ခ) လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိအားပြန်လည်အပ်နှံထားသည့်ပစ္စည်းတစ်ရပ်ရပ်ကို ဖျက်ဆီးခြင်း၊ သို့မဟုတ် ပျက်စီးစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်း မပြုရ။

Myanmar Law Information System (MLIS)

၁၅။ စုံစမ်းစစ်ဆေးခြင်းခံရသူသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)၊ သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ငါးနှစ်မှ အများ ဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်အထိ ကျခံရမည်။

**အခန်း (၆)**

**အထွေထွေ**

၁၆။ စုံစမ်းစစ်ဆေးခြင်းခံရသူသည် စုံစမ်းစစ်ဆေးခြင်းခံရသည့်ပစ္စည်းကို မည်သို့ရရှိကြောင်း၊ မည်သည့် ဝင်ငွေဖြင့်ရရှိကြောင်းကို ခိုင်လုံသောအထောက်အထားများဖြင့်တင်ပြဖြေရှင်းရန် တာဝန်ရှိသည်။

၁၇။ စုံစမ်းစစ်ဆေးခြင်းခံရသူအား အဖွဲ့က စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ဝင်ငွေခွန်ဥပဒေအရ ဖြစ်စေ၊ အမြတ်ခွန်ဥပဒေအရဖြစ်စေ၊ အကောက်ခွန်ဆိုင်ရာ ဥပဒေအရဖြစ်စေ၊ အခြားဥပဒေ တစ်ရပ်ရပ် အရဖြစ်စေ ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက အရေးယူဆောင်ရွက်နေခြင်းကို ဆိုင်းငံ့ ထားရမည်။ ဝန်ကြီးအဖွဲ့က အပြီးအပြတ်အမိန့်ချမှတ်ပြီးသည့်အခါ သက်ဆိုင်ရာဌာနများသည် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၈။ ပစ္စည်းရယူရန် အသုံးပြုခဲ့သည့်ငွေကို ဝင်ငွေခွန်ဥပဒေအရဖြစ်စေ၊ အမြတ်ခွန်ဥပဒေအရဖြစ်စေ ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေအဖြစ် စည်းကြပ်ပြီးဖြစ်ပါက ထိုပစ္စည်းသည် ဤဥပဒေနှင့်အကျုံး ဝင်ခြင်းမရှိစေရ။ သို့ရာတွင် ထိုသို့စည်းကြပ်ရာ၌ လျော့နည်းစည်းကြပ်ထားကြောင်း အဖွဲ့ကစုံစမ်း စစ်ဆေးတွေ့ရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေအရ ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် မည်သူ့ကိုမျှ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးအဖွဲ့သည် လိုအပ်သော လုပ်ထုံးလုပ် နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကိုထုတ်ပြန်နိုင်သည်။

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၁၉၈၆ ခုနှစ်၊ မတ်လ ၁၃ ရက်)

Myanmar Law Information System (MLIS)

တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ
အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး တင်လှိုင်

ညွှန်ကြားရေးမှူးချုပ်

နိုင်ငံတော်ကောင်စီရုံး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊

Myanmar Law Information System (MLIS)